# ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး

# သတ္တမနေ့ အစီအစဉ်

# [ ၉–၆–၂၀၁၄ ] (တနင်္လာနေ့)

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး သတ္တမနေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ပြည်သူ့လွှတ်တော်၊ စီးပွားရေးနှင့် ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီတွင် အတွင်းရေးမှူး ပြောင်းလဲဖွဲ့စည်းကြောင်းနှင့် လစ်လပ်သောကော်မတီအဖွဲ့ဝင်များ နေရာတွင် ဖြည့်စွက်ဖွဲ့စည်းကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း၊

၆။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးဖြိုးမင်းသိန်း၊ လှည်းကူး မဲဆန္ဒနယ်၏ **မြန်မာနိုင်ငံအတွင်း ဖြစ်ပေါ်နေသည့် မြင့်မားနေသော မြေဈေးနှုန်းကို သင့်လျော်သော ဈေးနှုန်းတစ်ရပ် ဖြစ်စေရန်အတွက် ထိန်းညှိဆောင်ရွက်ရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးစိုင်းဝင်းခိုင်၊ သိန္နီ မဲဆန္ဒနယ်၏ **သိန္နီမြို့၌ FMရေဒီယို အစီအစဉ် ထုတ်လွှင့်မှုများ ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးစိုင်းထွန်းစိန်၊ မိုင်းပြင်း မဲဆန္ဒနယ်၏ **မိုင်းပြင်းမြို့နယ်၊ တုံတာမြို့နယ်ခွဲ၊ မိုင်းရှဲန်ကျေးရွာ အုပ်စုအတွင်း ရာသီမရွေး သွားလာနိုင်သော မော်တော်ကားလမ်းများကို ကျေးလက်ဒေသ ဖွံ့ဖြိုးရေး ဦးစီးဌာနမှ နှစ်စဉ် စီမံကိန်းချမှတ်၍ ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးခင်မောင်မြင့်၊ ရပ်စောက် မဲဆန္ဒနယ်၏ **ရပ်စောက်မြို့နယ် အတွင်းရှိ တီတောက်ကုန်းတံတား၊ ဟွေးတံတား၊ ပါပန်းတံတား၊ နန်းဟူးတံတား၊ ဆင်သေတံတားများကို နှစ်အလိုက်စီမံချက် ချမှတ်ပေးရန်နှင့် လတ်တလောပြုပြင်ရန် မလိုအပ်သေးသော သစ်သားတံတားငယ် ၄ စင်းအား ပြောင်းလဲတည်ဆောက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးဝင်းစိန်၊ ကဝ မဲဆန္ဒနယ်၏ **ကဝမြို့နယ်ရှိ သဂ္ဂလ– သရက်ကုန်း– အေးမွန်လမ်းအား မိုးတွင်းကာလတွင် သွားလာနိုင်ရေးအတွက် ဂဝံခင်းပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဒေါက်တာခင်မောင်ဆွေ၊ ကျောက်တံခါး မဲဆန္ဒနယ်၏ **ကျောက်တံခါးမြို့နယ်ရှိ ကျုံစစ်သားကျေးရွာမှ ခလောင်ကျေးရွာသို့ ဆက်သွယ်သော ဖွံ့ဖြိုးရေးလမ်းမကြီးအား မြေသားလမ်း ပြုပြင်ပြီး ဂဝံခင်းပေးရန် အစီအစဉ်ရှိ၊မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၇။ ဦးသိန်းညွန့်၊ သင်္ဃန်းကျွန်း မဲဆန္ဒနယ်က **“အိမ်အကူ၊ အိမ်ဖော် အလုပ်သမားများ အပါအဝင် မြန်မာနိုင်ငံသား(၃)သန်းခန့်သည် နိုင်ငံခြားတွင် သွားရောက်၍ အလုပ်လုပ်ကိုင်နေရပါသည်။ မိမိ၏ ကာယအား၊ ဉာဏအားကို အသုံးပြု၍ လုပ်ကိုင်၍ ရရှိသော လုပ်ခဖြင့် အသက်မွေးဝမ်းကျောင်း ပြုနေရသော နိုင်ငံသားတချို့မှာ ဖိနှိပ်ညှဉ်းပန်း ခံရမှု၊ လုပ်ခလစာအခွင့်အရေး တန်းတူရည်တူမရမှု စသည့်ခွဲခြား ဆက်ဆံမှုများ ခံနေရကြောင်း သတင်းများ ကြားသိရပါသည်။ ပြည်ထောင်စုသမ္မတ**

**မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈) ပုဒ်မ ၃၈၀ ၌ "နိုင်ငံခြားတိုင်းတစ်ပါးနှင့် ဆက်ဆံသော နိုင်ငံသားတိုင်းသည် ပြည်တွင်း၌ဖြစ်စေ၊ ပြည်ပ၌ဖြစ်စေ၊ နိုင်ငံတော်၏ ကာကွယ်စောင့်ရှောက်မှုကို တောင်းခံခွင့်ရှိသည်။" ပြဋ္ဌာန်းချက်များ အထမြောက်စေရန်အတွက်လည်းကောင်း၊ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းပါ အပိုဒ် ၂၃ အရ တရားမျှတ၍ အဆင်ပြေမှုရှိသော လုပ်ငန်းခွင် အခြေအနေများ၊ ရပိုင်ခွင့်၊ လူ့ဂုဏ်သိက္ခာနှင့် ထိုက်တန်သော ဘဝရပ်တည်မှုကို အာမခံနိုင်မည့် အခကြေးငွေများ၊ ရပိုင်ခွင့်နှင့် လူမှုရေး ကာကွယ်စောင့်ရှောက်မှုများ ရရှိရန် လိုအပ်ပါသည်။ သို့ဖြစ်ရာ နိုင်ငံဖြတ်ကူး သွားရောက်နေသော အိမ်ဖော်၊ အိမ်အကူများ အပါအဝင် မြန်မာနိုင်ငံသား အလုပ်သမားများ အတွက် ဘဝလုံခြုံမှုကို အကာအကွယ်ပေးနိုင်သော နိုင်ငံခြားရောက် အလုပ်သမားများဆိုင်ရာ အထူးဥပဒေတစ်ရပ် အလျင်အမြန် ပြဋ္ဌာန်းပေးပါရန် ပြည်ထောင်စုအစိုးရအဖွဲ့အား ပြည်သူ့လွှတ်တော်မှ အလေးအနက် တိုက်တွန်းကြောင်း"** အဆို တင်သွင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း၊

၈။ အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာနက တင်သွင်းသည့် " **အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းထားသည့် တစ်ပိုဒ်ချင်းစီအလိုက် ဆွေးနွေး၍ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း၊

၉။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး သတ္တမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး အဋ္ဌမနေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။